# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 6 , 2022 Volume 61, Number 4


၆.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၅၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၂၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၇.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၉၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## တတိယအကြိမ် ရုရှား-မြန်မာ အစိုးရချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးတွင် စာချုပ်စာတမ်း ၇ ခုအား လက်မှတ်ရေးထိုးခဲ့



Source: Popular News Journal

မြန်မာ-ရုရှားနှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန် တတိယအကြိမ် ရုရှား-မြန်မာ အစိုးရချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးအား ဒီဇင်ဘာ ၅ ရက်နံနက် ၁၀ နာရီက နေပြည်တော်၌ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E Mr. Maxim Reshetnikov တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ရုရှား-မြန်မာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လက်ရှိအခြေအနေ၊ သဘောတူညီချက်များနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးအားကောင်းခိုင်မာခြင်း၊ ကုန်သွယ်မှု၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတို့အား ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ရုရှား-မြန်မာနှစ်နိုင်ငံ သဘောတူညီမှု စာချုပ်စာတမ်း ၇ ခုအား မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြသည်။ အစည်းအဝေး၌ဆွေးနွေးချက်များသည် ရုရှားနိုင်ငံ၊ ဗလာဒီဗော့စတော့မြို့၌ ကျင်းပခဲ့သည့် ၇ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့သော ရုရှား-မြန်မာ နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(Strategy for the Development of Russia–Myanmar Economic Cooperation)ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ရုရှားစီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များကလည်း စက်မှုနှင့် စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်နှင့်ဓာတ်သတ္တုလုပ်ငန်းကဏ္ဍ၊ ဘဏ်နှင့်ငွေကြေးဆိုင်ရာကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍတို့အား ဆွေးနွေးခဲ့ကြသည်။

Source: Popular News Journal


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကချင်ပြည်နယ်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ ဓါတုဗေဒချည်ခင်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ကုန်ထုတ်စက်ကူများ၊ ဒီဇယ် အင်ဂျင်များ၊ ကားတာယာ၊ သံပိုက်၊ မြက်ခင်းတုနှင့် အခြားပစ္စည်းများတင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၃၉၀၉၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၆၉၉၇၁ ဒသမ ၈၀၀ ဖြစ်၍တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၀၉၀၆၁ ဒသမ ၈၀၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၁ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၂ ဒသမ ၁၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနော်ဖြေကုန်သွယ်မှုဗဟိုဌာန

## ထိုင်းဈေးကွက်တွင် ရောင်းအားကောင်းနေသည့်မြန်မာ့ငှက်ပျော



Source: https://www.commerce.gov.mm

တနင်္သာရီတိုင်းသည် မြေမျက်နှာသွင်ပြင် ပထဝီအနေအထားအရ ပင်လယ်သမုဒ္ဒရာကြီးနှစ်ခုကြားတွင် တည်ရှိနေသည့်အတွက် မိုးများပြီး ပူနွေးစိုစွတ်သည့် ရာသီဥတုရှိပါသည်။ ၎င်းဒေသတွင် ရော်ဘာ၊ သီဟိုဠ်၊ ကွမ်းသီး၊ ငှက်ပျော၊ သဘော်သီးနှင့် ဆီအုန်းပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါသည်။ အဆိုပါ သီးပင်စားပင်များအနက် ရခိုင်ငှက်ပျောသီးမှာ စိုက်ပျိုးရလွယ်ကူပြီး အသီးဖြစ်ထွန်းမှုအားကောင်းသည့် သီးပင်ဖြစ်သည်။

ထိုင်းနိုင်ငံပြည်သူများသည် ငှက်ပျောသီးကို အစိမ်း(သို့)အမှည့် ကြော်စားကြပြီး၊ အစိမ်းကိုကြော်ပါက အကြွပ်ကြော်၍ သကြား၊ ပျားရည်နှင့်လည်းစားကြသည်။ ယခုရက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ နှစ်ကုန်ဈေးရောင်းပွဲတော်ရှိသဖြင့် စားသောက်ဆိုင်များ၊ သစ်သီးဆိုင်နှင့် အအေးဆိုင်များတွင် ငှက်ပျောသီးလိုအပ်ချက်များ မြင့်မားနေသည့်အတွက် ဈေးကွက်လိုအပ်ချက်အရ မြန်မာ့ငှက်ပျောသီးမှာလည်း အရောင်းအဝယ်ပိုမိုအားကောင်းလာသည်။

**Source:** https://www.commerce.gov.mm/content/border-trade-news

## ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ အခွန်ကောက်ခံရရှိမှု ကျပ် ၃၀၆၉ ဘီလီယံရှိ

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၃၁ ရက်အထိ အခွန်ကောက်ခံရရှိမှု ကျပ် ၃၀၆၉ ဘီလီယံရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ ထုတ်ပြန်မှုအရသိရသည်။ အဆိုပါကာလအတွင်း ဝင်ငွေခွန်မှ ကျပ် ၁၄၂၄ ဒသမ ၆ ဘီလီယံ၊ ကုန်သွယ်လုပ်ငန်းခွန် မှ ကျပ် ၉၉၈ ဒသမ ၁ ဘီလီယံ၊ အထူးကုန်စည်ခွန်မှ ကျပ် ၅၇၄ ဒသမ ၉ ဘီလီယံ၊ တံဆိပ်ခေါင်းခွန်မှ ကျပ် ၅၃ ဒသမ ၁ ဘီလီယံ၊ အောင်ဘာလေသိန်းဆုအခွန်မှ ကျပ် ၁၁ ဒသမ ၃ ဘီလီယံနှင့် ကျောက်မျက်အခွန်မှ ကျပ်ခုနစ်ဘီလီယံ အသီးသီးရရှိခဲ့ကြောင်း သိရသည်။



Source: https://news-eleven.com/article/241380

အဆိုပါကာလအတွင်း အခွန်ကောက်ခံရရှိမှုတွင် ဝင်ငွေခွန်မှ အများဆုံးရရှိခဲ့ပြီး အခွန်ကောက်ခံရရှိမှု စုစုပေါင်း၏ ၄၆ ရာခိုင်နှုန်းရှိကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်မှ ဒုတိယအများဆုံးရရှိခဲ့ပြီး အခွန်ကောက်ခံရရှိမှု စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်း ရှိကြောင်း၊ အထူးကုန်စည်ခွန်မှ ကျပ် ၅၇၄ ဒသမ ၉ ဘီလီယံဖြင့် တတိယအများဆုံး ကောက်ခံရရှိပြီး အခွန်ကောက်ခံရရှိမှု စုစုပေါင်း၏ ၁၉ ရာခိုင်နှုန်းရှိကြောင်း၊ တံဆိပ်ခေါင်းခွန်မှာ

အခွန်ကောက်ခံရရှိမှုစုစုပေါင်း၏ နှစ်ရာခိုင်နှုန်းရှိကြောင်း၊ အောင်ဘာလေသိန်းဆုခွန်မှာ အခွန်ကောက်ခံရရှိမှု စုစုပေါင်း၏ ဝ ဒသမ ၃၇ ရာခိုင်နှုန်းရှိပြီး ကျောက်မျက်ခွန်မှာ အခွန်ကောက်ခံရရှိမှုစုစုပေါင်း၏ ဝ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်( ဧပြီ၊ မေ၊ ဇွန်) တွင် အခွန်အရပ်ရပ် ကောက်ခံရရှိငွေကျပ် ၁၆၇၃၇၄၉ ဒသမ ၅၁ သန်းရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအဖွဲ့မှ ထုတ်ပြန်ထားသည့်စာရင်းအရ သိရသည်။

အဆိုပါသုံးလပတ်အတွင်း ကုန်စည်၊ ဝန်ဆောင်မှု၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၆၀၇၃၀၀ ဒသမ ဝ၇ သန်း၊ အထူးကုန်စည်ခွန် ကျပ် ၃၀၅၁၀၇ ဒသမ ၃၃ သန်း၊ ကျောက်မျက်ခွန် ကျပ် ၄၈၈၆ ဒသမ ၁၄ သန်း၊ ဝင်ငွေခွန် ကျပ် ၇၂၂၇၈၁ ဒသမ ၇၃ သန်း၊ တံဆိပ် ခေါင်းခွန် ကျပ် ၃၀၉၆၈ ဒသမ ၄၂ သန်း၊ အောင်ဘာလေသိန်းဆုခွန် ကျပ် ၂၇၀၅ ဒသ မ ၈၃ သန်း၊ စုစုပေါင်း ကျပ် ၁၆၇၃၇၄၉  သန်းကျော်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/241380

## ရုရှားရေနံအပေါ် ပုံသေဈေးနှုန်းသတ်မှတ်မှု ကမ္ဘာ့ရေနံဈေးနှုန်းများမြင့်တက်



https://www.myawady.net.mm/eco

စက်မှုထိပ်သီး ၇ နိုင်ငံအပြင် ဥရောပသမဂ္ဂနှင့် ဩစတြေးလျတို့က ရုရှားနိုင်ငံထွက်ရေနံအပေါ် ပုံသေဈေးနှုန်းသတ်မှတ်မှုသည် ကမ္ဘာ့စွမ်းအင်ဈေးကွက်အတွင်း ရေနံဈေးနှုန်းများကို မြင့်တက်လာစေကြောင်းသိရသည်။ ရေလမ်းကြောင်းမှ ဝင်ရောက်သည့် ရုရှားနိုင်ငံထွက်ရေနံများကို တစ်စည်လျှင်အမေရိကန်ဒေါ်လာ ၆၀ သာပေးရန် အဆိုပါနိုင်ငံများ၏ သတ်မှတ်မှုသည် ဒီဇင်ဘာ ၅ ရက်တွင် စတင်အသက်ဝင်လာပြီဖြစ်သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအပေါ် အထူးစစ်ဆင်ရေးဆင်နွှဲမှုကို အကြောင်းပြု၍ အမေရိကန်ဦးဆောင်သော အနောက်အုပ်စုက ရုရှားနိုင်ငံ၏ဝင်ငွေလျော့နည်းစေရန် ရည်ရွယ်ကာ ယခုကဲ့သို့ပိတ်ဆို့မှုများချမှတ်နေခြင်းဖြစ်သည်။

သို့သော် ယခုအခါ အနောက်အုပ်စု၏ ရုရှားအပေါ်ပိတ်ဆို့မှုများကြောင့် Brent ရေနံစိမ်းဈေးနှုန်းမှာ တစ်စည်လျှင် ၈၈ ဒေါ်လာအထိမြင့်တက်လာသည်။ WTI ရေနံစိမ်းဈေးနှုန်းမှာမူ တစ်စည်လျှင် ၈၂ ဒေါ်လာကျော် အထိ မြင့်တက်လာသည်ကို တွေ့ရသည်။

ထို့ပြင် အနောက်အုပ်စု၏ ရေနံဈေးနှုန်းပုံသေသတ်မှတ်မှုအစီအစဉ်တွင်ပါဝင်သောနိုင်ငံများကို ရုရှားနိုင်ငံက ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရောင်းချသွားမည်မဟုတ်ကြောင်း ရုရှားအစိုးရက ထုတ်ပြန်ထားသည်။

အလားတူ အနောက်အုပ်စု၏ ယခုလုပ်ရပ်သည် ရေနံဈေးကွက်အတွက် အလွန်အန္တရာယ်များသည့် လုပ်ရပ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံရုံးကလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/eco

## ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ်တည်ငြိမ်နေ

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများတည်ငြိမ်နေပြီး အရောင်းအဝယ်ပိုင်းတွင်လည်း တည်ငြိမ်နေကြောင်း မန္တလေးရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၅၄ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၈၀၂ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၄၀ ထိ အနိမ့်ဆုံးကျဆင်း၍ ၁၇၉၈ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"အခုတစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေဈေးက စဖွင့်တဲ့ အဖွင့်ဈေးတန်းကနေ အတက်ဘက်ကို ရောက်ခဲ့တယ်။ ပြည်တွင်းရွှေက အလှုပ်အခတ်ရှိခဲ့ပေမဲ့လည်း အတတ်အကျမရှိသလောက် နည်းပါးခဲ့တယ်။ လက်ရှိအခြေအနေတွေအရတော့ ၁၆ ပဲရည် တစ်ကျပ်သားကို ငွေကျပ် ၂၅ သိန်းအောက် ပြန်ဆင်းနိုင်ခြေမရှိသေးပါဘူး"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက

ပြောပြသည်။

နိုဝင်ဘာ ၂၇ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၅၄ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၉၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၉၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၃ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၈၇ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၀၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၉၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့(ဒီဇင်ဘာ-၄) တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၈၈ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၀၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပြည်တွင်းငါးဈေးကွက်အတွင်း ဈေးကောင်းရနေသည့်ငါးပုတ်သင်များကို မျိုးထိန်းသိမ်းပြီး ငါးထွက်ရှိမှုနှုန်း ပိုမိုများပြားစေရန် ဆောင်ရွက်လျက်ရှိ



Source: ရတနာပုံသတင်းစာ

ပြည်တွင်းငါးဈေးကွက်အတွင်း ဈေးကောင်းရနေသည့် ငါးပုတ်သင်များကို မျိုးထိန်းသိမ်းပြီး ငါးထွက်ရှိမှုနှုန်း ပိုမိုများပြားစေရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကြီးငွေထံမှသိရသည်။

ငါးပုတ်သင်သည် ပြည်တွင်းငါးဈေးကွက်အတွင်း စားသုံးမှုများပြားကာ ဈေးကောင်းရသည့် ဈေးကွက်ခိုင်မာမှုရှိသော ငါးအမျိုးအစားဖြစ်သည့်အတွက် အဆိုပါ ငါးပုတ်သင်များကို မျိုးထိန်းသိမ်းပြီး ငါးထွက်ရှိနှုန်း ပိုမိုကောင်းမွန်လာစေရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

“ငါးပုတ်သင်က ဈေးကောင်းရရှိပြီး ဈေးကွက်ခိုင်မာတဲ့အတွက် ပြည်တွင်းစားသုံးမှုပိုလျှံဖို့ ပထမအဆင့်အနေနဲ့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နောက်တစ်ဆင့်ကတော့ ပြည်ပပို့နိုင်အောင်လုပ်မှာပါ။ လတ်တလောကတော့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ပူးပေါင်းပြီး သုတေသနလုပ်ငန်းတွေလုပ်နေပါတယ်” ဟု ဦးကြီးငွေကပြောပြသည်။

ငါးပုတ်သင်ကို တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပိုတွဲလတို့တွင် အများဆုံးဖမ်းဆီးရမိပြီး အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမပင်လယ်ကွေ့တို့တွင် ငါးပုတ်သင်များကို ပိုမိုတွေ့ရကြောင်း၊ ပြည်တွင်းငါးဈေးကွက်အတွင်း ငါးပုတ်သင်အစို တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ခန့်ရှိနေပြီး၊ ငါးပုတ်သင်အခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ခန့် ဈေးရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ



Source: မြန်မာ့အလင်းသတင်းစာ

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ CMP၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်း များနှင့် CMP ပစ္စည်းတင်ပို့မှုများရှိပြီး အများဆုံးပို့ကုန်ပစ္စည်းများအနေဖြင့် CMP၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ ငရုတ်၊ ကော်ဖီစေ့၊ မြေပဲ၊ ရော်ဘာ၊ ရေထွက်ပစ္စည်း၊ အလူမီနီယံ ဖြတ်စတို့ဖြစ်သည်။ ရေထွက်ပစ္စည်းတင်ပို့မှုသည် မဲဆောက်မှတစ်ဆင့် ဘန်ကောက်မြို့အထိ အချိန်မီတင်ပို့လျက်ရှိပြီး ရေထွက်ကုန်ပစ္စည်းများအား ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်၊ ကုန်သွယ်

ရေးဇုန်၊ BCF တံတား-၂ တို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ အမြန်ရောက်ရှိရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ချည်ပိတ်လိပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ စက်ရုံသုံးကုန်ကြမ်း ပစ္စည်းများ၊ ဆေးဝါးများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဖိနပ်များ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ သစ်သီး၊ စားသောက်ကုန် ပစ္စည်းများ၊ အလှကုန်ပစ္စည်း၊ ဖိနပ်အပိုပစ္စည်းများ၊ Gas၊ Lubricant များ၊ အိမ်သုံးပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ စက်ဘီး များ၊ စာရေးကိရိယာများ၊ ကားအပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ တင်သွင်းလျက်ရှိသည်။ Gament ၊ ကြွေပြား၊ စားသောက်ကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ကြက်၊ ဝက်၊ ဘဲအရှင်များ၊ စက်မှုကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ အများဆုံးတင်သွင်းသည်။

သွင်းကုန်ကုန်သည်များအနေဖြင့် နိုဝင်ဘာလဆန်းပိုင်းတွင် ဘတ်စျေးသည် တစ်ဘတ်လျှင် ၆၇ ကျပ်ထိ ရှိခဲ့ပြီး ယခုလဆန်းပိုင်းတွင် တစ်ဘတ်လျှင် ၈၀ ကျပ်ခန့်အထိ ဘတ်စျေးပြန်တက်လာသောကြောင့် ဘတ်စျေးအတက်အကျ မတည်ငြိမ်သဖြင့် သွင်းကုန်ပစ္စည်းများကို ချိန်ဆတင်သွင်းနေကြောင်း သတင်းရရှိသည်။

Source: မြန်မာ့အလင်းသတင်းစာ

## မန္တလေးဆန်စျေးကွက် ရန်ကုန်ပေါ်ဆန်းမဝင်၍ စျေးငြိမ်နေ

မန္တလေးစျေးကွက်တွင် ဆန်စျေးနှုန်းအနေဖြင့် ရန်ကုန်ပေါ်ဆန်းမှာ ပုသိမ်၊ ဖျာပုံတို့မှ ရန်ကုန်စျေးကွက်မှတဆင့် ဝင်ရောက်မှုရှိခြင်းကြောင့် တစ်အိတ်လျှင် ၆၅၀၀၀ကျပ်ဖြင့် စျေးငြိမ်နေပါသည်။ ရွှေဘိုပေါ်ဆန်းမှာ အသစ်ပေါ်သော်လည်း စျေးကွက်အတွင်းအဝင်နည်းသေးခြင်းကြောင့် လောင်းသမားထံမှ ဝယ်ရသဖြင့် ယခင်အပတ် ၈၇၀၀၀ ကျပ်မှ ၈၈၀၀၀ ကျပ်သို့ စျေးမြင့်သွားသည်။

မနောသုခဆန်မှာ အသစ်ဝင်ရောက်မှုရှိခြင်းကြောင့် အသစ်တစ်အိတ် ၄၆၀၀၀ ကျပ် အဟောင်းတစ်အိတ် ၅၀၀၀၀ ကျပ်ဖြင့်ရောင်းဝယ်နေသည်။ ငစိန်နှင့်ဧည့်ယာဆန်မှာ အသစ်မဝင်သေးခြင်းကြောင့် ဧည့်ယာတစ်အိတ် ၄၇၀၀၀ ကျပ် ငစိန်ဆန် တစ်အိတ် ၄၁၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။

ဧရာမင်းဆန်မှာလည်း ရွှေဘိုနှင့်မန္တလေးဝန်းကျင်မှ မဝင်သေးခြင်းကြောင့် အဝင်ပုံမှန်စားသုံးမှုပုံမှန်ဖြင့် ဧရာမင်း တစ်အိတ် ၆၅၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။ မိုးမိတ်၊ ရွှေကူသို့ ပုံမှန်တင်ပို့မှုရှိကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5394-andalay.html

## ကော်ဖီသီးမှည့်များ ထိုင်းနိုင်ငံမှ ဝယ်ယူမှုများကြောင့် စျေးသုံးဆခန့် ပိုမိုရရှိ

ပြည်တွင်း၌ ယခုနှစ်၊ ကော်ဖီသီးမှည့်များ စတင်ခူးဆွတ်ချိန်တွင် စျေးကောင်းရကြခြင်းဖြစ်သည်။ ထိုင်းနိုင်ငံမှ ဝယ်လက်များက ကော်ဖီစိုက်ပျိုးသောဒေသများသို့ ကိုယ်တိုင်လာရောက်ကာ ဝယ်ယူမှုများရှိနေပြီး ဝယ်လိုအား များနေ ခြင်းကြောင့် ယခင်နှစ်ကထက် ကော်ဖီသီးမှည့်စျေး သုံးဆခန့်ပိုမိုရရှိနေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းလှိုင်၏ ပြောကြားချက်အရသိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီသီးမှည့်များကို နှစ်စဉ်နိုဝင်ဘာလမှ နောက်နှစ် မတ်လကုန်အထိ ခူးဆွတ်လေ့ရှိပြီး ယခုနှစ် တွင် ပြည်တွင်း၌ ကော်ဖီသီးမှည့်များ စတင်ခူးဆွတ်သောရာသီမှာပင် ထိုင်းနိုင်ငံမှ ကုန်သည်၊ ဝယ်လက်များ ရောက်ရှိလာပြီး ကော်ဖီသီးမှည့်များကို ပေါက်စျေးပေးကာ ဒေသအရောက် လာရောက်ဝယ်ယူကြခြင်းဖြစ်သည်။

ယခုအခါ မြန်မာ့ကော်ဖီများ ဝယ်လိုအားကောင်းနေခြင်းကြောင့် ပြီးခဲ့သည့်နှစ် ကော်ဖီသီးမှည့် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ခန့်သာရရှိခဲ့သော်လည်း ယခုနှစ် ကော်ဖီသီးမှည့်များ စတင်ခူးဆွတ်ချိန်တွင် ကော်ဖီသီးမှည့် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဝန်းကျင်အထိ စျေးကောင်းရရှိနေကြောင်း၊ ထိုသို့ ကော်ဖီစျေးကောင်းရနေခြင်းကြောင့် ပြည်တွင်းမှ ကော်ဖီစိုက်တောင်သူများအတွက် အဆင်ပြေသော်လည်း ကော်ဖီစေ့လှော်ပြီး ပြန်လည်ထုပ်ပိုးရောင်းချသူများအတွက် အရင်းအနှီး ပိုမိုများပြားလာကြောင်းသိရသည်။

**Source : MDN**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5397-coffee.html

## အိန္ဒိယက ကမ္ဘာ့တတိယစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာစေရေး ဦးတည်နေ

အိန္ဒိယနိုင်ငံသည် ယခုဆယ်စုနှစ်အကုန်တွင် အမေရိကန်နှင့်တရုတ်နိုင်ငံတို့ပြီးနောက် ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာစေရေး ဦးတည်နေကြောင်း သုတေသနအဖွဲ့နှစ်ဖွဲ့၏ ထုတ်ပြန်ချက်ကိုကိုးကား၍ CNBA သတင်းဌာနက ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် ၂၀၃၀ ပြည့်နှစ် အရောက်တွင် ပျမ်းမျှအားဖြင့် ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း S&P Global အဖွဲ့က မျှော်မှန်းထားသည်။

တစ်ချိန်တည်းမှာပင် ၂၀၃၁ ခုနှစ်အရောက်တွင် အိန္ဒိယနိုင်ငံ၏ GDP သည် လက်ရှိပမာဏထက် နှစ်ဆတိုးမြင့်လာမည်ဖြစ်ကြောင်း Morgan Stanley အဖွဲ့က ထုတ်ပြန်ထားသည်။ အိန္ဒိယနိုင်ငံက ပြည်ပရှိနိုင်ငံသား ကုမ္ပဏီများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ၊ စွမ်းအင်ကူးပြောင်းမှုနဲ့ အဆင့်မြင့်ဒစ်ဂျစ်တယ် အခြေခံ အဆောက်အအုံများကြောင့် စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာမယ့် အခြေအနေရှိနေပါတယ်။ အဲဒီအခြေအနေတွေကြောင့်ပဲ အိန္ဒိယနိုင်ငံက ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာမှာပါ ဟု Morgan Stanley မှလေ့လာသူများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ ကုန်သွယ်ရေးနှင့်ဘဏ္ဍာရေးမူဝါဒဖြေလျှော့ပေးမှုများ၊ အလုပ်သမားဈေးကွက်ပြုပြင်ပြောင်းလဲမှု၊ လူသား အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံတို့တွင် ရင်းနှီးမြှုပ်နှံမှုတို့ကြောင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ဆက်လက် တိုးတက်နေမည်ဖြစ်ကြောင်း S&P Global အဖွဲ့မှလေ့လာသူများကပြောသည်။

အထူးသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အချက်အချာနေရာဖြစ်လာစေရေး၊ ကုန်ထုတ်လုပ်မှု ပင်မနေရာ ဖြစ်လာစေရေး အစိုးရ၏ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီး နိုင်ငံအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်ဟုသိရသည်။

**Source:** https://www.myawady.net.mm/node/33657

## STOCK EXCHANGE (6.12.2022)

(မှတ်ချက်။ * ၆.၁၂.၂၀၂၂ ရက်နေ့အတွက် Internet မရ၍ ပြောင်းလဲမှုမရှိပါ။)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Dec. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,000 | 9,100 | 9,000 | 1,269 | 11,531,000 | 33,109,694 | 301,298 |
| MTSH | 00002 | 3,400 | +100 | +3.03% | 3,300 | 3,400 | 3,300 | 1,022 | 3,373,600 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,600 | 73 | 556,000 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,500 | 19,500 | 19,000 | 1,497 | 28,793,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 9 | 23,850 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 97 | 257,050 | 19,977,223 | 52,940 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 5,000 | 4,800 | 362 | 1,788,600 | 10,497,598 | 50,388 |


## Market summary

As of 5th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.25 | +0.92 | +0.23% | 398.42 | 401.25 | 397.83 | 4,329 | 46,323,100 | 7 | 698,024 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 5th Dec. 2022

| MYANPIX | 401.25 ▲ 0.92 |
|---|---|
| Total Volume (shares) | 4,329 |
| Total Value (MMK) | 46 mil |
| Listed Company | 7 |
| Market Cap. (MMK) | 698,024 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 100 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |